# ရတနာပုံ

www.yadanaponnewspaper.blogspot.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၆) ရက် ၊ အင်္ဂါနေ့ ၊ (7-7-2015) ၊ အတွဲ (၂၄) ၊ အမှတ် (၀၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့မှ ခန်ဆိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေ ၅နာရီ မိနစ် ၄၀တွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဦးညဏ်ထွန်း၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ပြည်ထောင်စုဝန်ကြီးများ၊တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ယခုခရီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ စာမျက်နှာ ၁၆ ကော်လံ ၁


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟိုဂျူးစုပေါင်းစိုက်ခင်းကို ကြည့်ရှုလေ့လာ

စာမျက်နှာ - ၁၆

## ပါဠိဘာသာဖြင့် ရေးထိုးထားသော ကုသိုလ်တော်ကျောက်စာများကို ကမ္ဘာအနှံ့မှ လေ့လာဖတ်ရှုနိုင်ရန် ရောမဘာသာ ပြန်ဆိုရန်စီစဉ်

**မန္တလေး ဇူလိုင် ၆**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO) မှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မင်းတုန်းမင်း၏ ကောင်းမှုတော် ပါဠိဘာသာကျောက်စာချပ် ၇၂၉ချပ်ကို ကမ္ဘာအနှံ့မှ စိတ်ပါဝင်စားသူများ ဖတ်ရှုလေ့လာနိုင်ရန် ရောမဘာသာသို့ ပြန်ဆိုရန် နှင့် ကျောက်စာများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သိပ္ပံနည်းကျထိန်းသိမ်းမှုများကို ယနေ့တွင် စတင်လုပ်ဆောင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(ယာပုံ)**



ပိဋကတ်သုံးပုံကို ကမ္ဘာအနှံ့မှသိရှိနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို မန္တလေးမြို့တွင်ရောက်ရှိနေသော ဩစတြီးယားနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သက္ကတဗေဒပညာရှင် Dr. Mark ဦးဆောင်သောအဖွဲ့ဝင်များက ပြုပြင်ထိန်းသိမ်းနည်းများအတွက် ပညာပေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ကမ္ဘာမှာ ပထမဆုံးတွေ့ရတဲ့ Idea ဖြစ်တဲ့အတွက် သမိုင်းတန်ဖိုးမြင့်မားပါတယ်။ စာမျက်နှာ ၁၉ ကော်လံ ၅

**နောက်ဆုံးရနိုင်ငံခြားသတင်း**

## ဆော်ဒီဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုတွင် အရပ်သားများအပါအဝင် လူ ၃၀ခန့်သေဆုံး

**ဆာနား ဇူလိုင် ၆**

ယီမင်နိုင်ငံတွင် ထကြွသောင်းကျန်းနေသော ဟူသီသူပုန်များကို ပစ်မှတ်ထားတိုက်ခိုက်နေသော ဆော်ဒီဦးဆောင်သည့် မဟာမိတ်လေယာဉ်များသည် ယနေ့တွင် ယီမင်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သောဧဒင်မြို့ရှိ ဟူသီပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၃၀ အနည်းဆုံးရှိခဲ့ပြီး အရပ်သားများလည်း ပါဝင်ကြောင်းသိရသည်။ စာမျက်နှာ ၁၉ ကော်လံ ၁

**စည်းကမ်းရှိမှတိုးတက်မည်။**